## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ အခြေခံဥပဒေ ပုဒ်မ ၅၇ ပါ အကြောင်းအရာအားလုံးကို ပယ်ဖျက်ရမည်။

၃။ အခြေခံဥပဒေ ပုဒ်မ ၆၅၊ ၆၆ နှင့် ၆၉ တို့ကို အောက်ပါ ပုဒ်မများဖြင့် အစားထိုးရမည်—

၆၅။ ပုဒ်မ ၆၄ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင်များသည် မိမိတို့အထဲမှ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယ ဥက္ကဋ္ဌ တစ်ဦး နှင့် အတွင်းရေးမှူး တစ်ဦးကို ရွေးချယ်တင်မြှောက်၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကို ရယူရမည်။

၆၆။ (က) နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတ ဖြစ်သည်၊

(ခ) နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌသည် နိုင်ငံတော် ဒုတိယသမ္မတ ဖြစ်သည်။

၆၉။ (က) နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌသည် မိမိ၏ တာဝန်ဝတ္တရားများကို ယာယီအားဖြင့် မထမ်းဆောင်နိုင်လျှင် နိုင်ငံတော်ကောင်စီ ဒုတိယ ဥက္ကဋ္ဌက ဥက္ကဋ္ဌ၏တာဝန်ဝတ္တရားများကို ပူးတွဲထမ်းဆောင်ရမည်၊

(ခ) နိုင်ငံတော်ကောင်စီဒုတိယဥက္ကဋ္ဌသည် မိမိ၏တာဝန်ဝတ္တရားများကို ယာယီအားဖြင့် မထမ်းဆောင်နိုင်လျှင် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက ဒုတိယဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများကို ပူးတွဲထမ်းဆောင်ရမည်။

၄။ အခြေခံဥပဒေ ပုဒ်မ ၇၃ ပုဒ်မခွဲ (ဃ) နှင့် (င) တို့ကို အောက်ပါ ပုဒ်မခွဲများဖြင့် အစားထိုးရမည်—

(ဃ) ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ အကျိုးဆောင် အဖွဲ့နှင့် ပြည်သူ့ လုပ်ငန်းစစ်ဆေးရေး အဖွဲ့ များ ကို သော် လည်း ကောင်း၊ အကြောင်း တစ်ခုခုကြောင့် ထိုအဖွဲ့ဝင်များထဲမှ အဖွဲ့ဝင်တစ်ဦးဦး လစ်လပ်လျှင်သော်လည်းကောင်း ရွေးချယ်တင်မြှောက်နိုင်ရန်နှင့် အစားထိုးရွေးချယ်တင်မြှောက်နိုင်ရန် ပုဒ်မ ၆၄ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင်များက စုပေါင်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲမှ အမည်စာရင်း တင်သွင်းခြင်း၊

(င) ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီများကို သော်လည်းကောင်း၊ အ ကြောင်း တစ် ခု ခု ကြောင့် ထိုကော်မတီဝင်များထဲမှ ကော်မတီဝင် တစ်ဦးဦး

လစ်လပ်လျှင်သော်လည်းကောင်း ရွေးချယ် တင်မြှောက်နိုင်ရန်နှင့် အစားထိုးရွေးချယ်တင်မြှောက်နိုင်ရန် ပုဒ်မ ၆၄ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရွေး ချယ် တင်မြှောက်ထားသော နိုင် ငံ တော်ကောင်စီဝင်များက စုပေါင်း၍ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များထဲမှ အမည်စာရင်း တင်သွင်းခြင်း။